# ထူး

# ကြမ္မာရိုင်း



အပိုင်း - ၁

"ဒီနေ့ ကိုကိုလေးတို့ပြန်လာမယ်ဆို ဟုတ်လား"

"အင်း အဲဒီလိုကြားတာပဲဟ ... ဒါနဲ့ သူ့သတို့သမီးလောင်းပါ ပါလာမယ်ဆို ဟုတ်လား"

"ဟုတ်ပ့ါ ... အင်း သူကဘယ်သူလဲမသိပေမဲ့ တော်တော်ကံကောင်းတဲ့ မိန်းကလေးဆိုတာကိုတော့ သေချာပေါက်ပြောနိုင်တယ်"

"ဒါပေ့ါ ကိုကိုလေး ထွန်းတောက်နိုင်ပဲ နာမည်တစ်လုံးနဲ့ စီးပွားရေး လောကမှာ အသက်အငယ်ဆုံး ဂုဏ်ပုဒ်တစ်ခုနဲ့ နေနေတာလေ ကံကောင်းတာပေ့ါ"

မီးဖိုခန်းထဲ၌ မိယုတို့မိဖြူတို့နှစ်ဦး စကားလက်ဆုံကျနေစဉ် ...

နောက်၌ ကိုကိုလေး ထွန်းတောက်နိုင်၏ အဒေါ်တော်စပ်သူ အန်တီမိုး ရောက်လာတော့သည်။

"ဟဲ့ မပြီးနိုင်မစီးနိုင်ပြောနေတာ မရပ်တော့ဘူးလား သွားကိုကိုလေး အခန်းကို တစ်ယောက်ကရှင်းထား"

"ဟုတ်"

မိဖြူကြက်သွန်လှီး ဓားလေးချကာ ထရပ်လိုက်သည်။

"အန်တီမိုး......ည့ေသည်အတွက်ရော ပြင်လိုက်ရမလား"

"ဟင်း လာကာမှလာ ဘာမှထွေထွေထူးထူး ပြင်ဆင်ကြိုဆိုနေစရာမလို ဘူး ဒီအိမ်တော်ကြီးကို ရောက်ဖူးရုံနဲ့တင် သူ လူဖြစ်ရကျိုး တော်တော်နပ်

နေပြီ သွား ပြင်တော့"

"ဟုတ် ဟုတ်ကဲ့"

မိဖြူထွက်ကာသွားတော့မှ မိယုအား မျက်ထောင့်နီနှင့်ကြည့်ကာ ...

"ဟင်း ..."

မိယုအား အန်တီမိုးမျက်စောင်းထိုး၍ မီးဖိုခန်းထဲမှ ထွက်သွားလေတော့သည်။

အန်တီမိုးဆိုသည်မှာ စည်းစိမ်ဂုဏ်မှောက်ရုံမက အသိုင်းအဝိုင်းကြီးထဲက မွေးဖွားလာသူ မဟုတ်လျှင် အနားပင်အကပ်မခံ။ ရွံ့ရှာစက်ဆုပ်ဖွယ်အမြဲကြည့်နေတတ်သည်။

ညနေစောင်းသည်နှင့် ကိုကိုလေး၏ကားလေး ခြံဝင်းထဲဝင်ရောက်လာတော့သည်။

"ကိုကိုလေး လာပြီဟေ့"

မိဖြူနှင့် မိယုမှာ အပြေးအလွှားတံခါးဖွင့်ကာ ကြို၍ လက်ဆွဲအိတ်များသယ်ဆောင် ပေးလေတော့သည်။

"မေ့သား ပင်ပန်းနေပြီလား"

အိမ်တော်ကြီးထဲမှ မိခင်ဖြစ်သူ ဒေါ်သန္တာအေးနှင့် အစ်မဖြစ်သူ မကြီးနန်းမှ ထွက်လာလေတော့သည်။

သားဖြစ်သူအား ရင်ဝယ်ပိုက်၍ အနမ်းများခြွေကာ အလွမ်းသယ်လေတော့ အန်တီမိုးက အပြုံးလေးနှင့် ...

"သား ပင်ပန်းနေရောပေါ့ မကြီး အထဲဝင်ရအောင်"

ထိုခါမှ မိခင်ဖြစ်သူ၏ ရင်ခွင်ထဲမှ အသာအယာခွာထွက်ကာ ...

"မေမေ မေမေ့ချွေးမ ကားထဲမှာပါတယ်"

ဒေါ်သန္တာအေးမှာ နှစ်လိုအားရပြုံးကာ ...

"ရှက်နေပုံပဲ ကဲ သားကပဲ ခေါ်လိုက်ပါကွယ်"

"ဟုတ်"

ကားတံခါးလေးဖွင့်ကာ ...

"ငယ် ... ဆင်းလေ ဒါ ကိုယ့်အိမ်ပဲ"

ကိုထွန်းတောက်၏ စကားအဆုံးဝန်ခံပါရစေ ... ကျွန်မကိုယ်ကျွန်မ သိမ်ငယ်မိသည်။ ပျောက်ကွယ်သွားချင်သည်။

ဘဝမှာပထမဆုံး ခုလိုစံအိမ်မျိုးထဲသို့ ခြေချဖူးသည်။ ပြီးနောက် ကိုထွန်းတောက်၏ မိခင်ဖြစ်သူမှာ အရောင်တလက်လက် တောက်ပနေသော ပတ္တမြားဘယက်နှင့် လက်ကောက်ကို ဆင်မြန်းကာ ခန့်ညားတင့်တယ်နေသည်မို့ မိမိအနေအထားကြောင့် အပြင်မထွက်ရဲပေ။

"ငယ် ဘာတွေတွေးနေတာလဲ ဆင်းလေ လာ"

ကိုထွန်းတောက်မှစ၍ လက်ကမ်းပေးလာတော့ နှင်းငယ်ဦး လက်လေးကို မရဲတရဲလေး လှမ်းလိုက်သည်။

ကားထဲမှထွက်လာသော ချွေးမလေးအားကြည့်၍ ဒေါ်သန္တာအေး ပြုံးမိသွားသည်။

"မြန်မာဆန်ဆန်နဲ့ ဣန္ဒြေရှင်မလေးပဲ"

ပထမဆုံး နှုတ်ဆက်စကားကြောင့် ငယ် ခြေမကိုင်မိလက်မကိုင်မိနှင့် အေးစက်နေသည်။

"ငယ် ဘာမှမကြောက်နဲ့နော် ဒါက ကိုယ့်မေမေ ဒေါ်သန္တာအေး ... ဒါက ကိုယ့်မမ မနန်း ... ဒါက ကိုယ့်ဒေါ်ဒေါ် အန်တီမိုးတဲ့ မိသားစုတွေပဲလေ

ဘာမှမကြောက်နဲ့နော်"

ထွန်းတောက်နေ၏စကားပင် မဆုံးသေး မမကြီးနှင့် အန်တီမိုးက ချာခနဲလှည့်ကာ အိမ်တော်ထဲ ဝင်သွားကြလေပြီ။

"ဩော် အဟင်း ... လာ သမီး ဝင်စို့"

မိမိညီမ၏လုပ်ရပ်ကြောင့် ချွေးမအသစ်စက်စက်လေး စိတ်ခသွားမည်ကို စိုးရိမ်သော ဒေါ်သန္တာအေး ချွေးမလက်လေးဆွဲ၍ အိမ်တော်ထဲ လှမ်းဝင်လာလိုက်သည်။

လှလိုက်တဲ့အိမ်ကြီးရယ် ... အပြင်အဆင်တွေက တမေ့တမော ငေးမောနေရသည်ထိ မလုံလောက်ပေ။ ကိန္နရီကိန္နရာ ကျောက်ပန်းချီကားလေးမှာ ရုပ်လုံးကြွလှပနေသဖြင့် ခြေလှမ်းများရပ်ကာ ငေးမောနေမိလိုက်သည်။

"သဘောကျလို့လား ငယ်"

"ဟုတ် ... တစ်ခါမှမမြင်ဖူးဘူး အရမ်းလှတယ်"

ငယ့်ပခုံးလေးအား အမြတ်တနိုးဖက်ကာ ...

"ဒါ ကိုယ်ကိုယ်တိုင်လုပ်ထားတဲ့ ပန်းချီပဲ ငယ်"

"ရှင် ... ကိုထွန်းတောက်က ဒါတွေလည်း လုပ်နိုင်တယ်"

"ဒါပေါ့ ... ဘယ်လိုလဲ ကိုယ် တော်လား"

မေးစေ့အောက် လက်မနှင့်လက်ညှိုးကို ဗွီပုံစံလေးလုပ်ကာ ကိုယ့်ကိုယ်ကိုယ် ဂုဏ်ယူနေသော ကိုထွန်းတောက်ကြောင့် ငယ်သဘောတကျ ရယ်မိလေတော့သည်။

"ဟုတ် တော်တယ်"

"သမီးရေသားရေ ... လာလေကွယ်"

ညှော့ခန်းထဲမှ မေမေ့ခေါ်သံကြောင့် ငယ့်လက်လေးဆွဲကာ ထွန်းတောက်တို့နှစ်ဦးသား ညှော့ခန်းထဲဝင်လာလိုက်သည်။

"လာ သမီး ထိုင်"

အိစက်ညက်ညောလှသော ဆိုဖာအနေအထားကြောင့် စိတ်မခိုင်သိမ်ငယ်စိတ်များ စိုးမိုးလာသည်။

ချစ်ရသူ၏ ပုံစံလေးကြောင့် ငယ့်လက်ကိုဆွဲကာ ထွန်းတောက်က ထိုင်ချလိုက်သည်။

ထိုစဉ် ထိုင်နေရာမှ မမနန်း ဝုန်းခနဲထရပ်လိုက်သည်မို့......

"သမီးကြီး ဘာဖြစ်တာလဲ"

"ဟင်း ... ဒီလိုလူနဲ့ တန်းတူထိုင်ဖို့ရွံလို့ ထွန်းတောက် နင့်မှာလည်းနော် လူဒီလောက်ရှားလား ဒီအဆင်နဲ့ နင့်အဆင့်တူလို့လား တန်လို့လား ဟမ် ... နင့်မှာ ဦးနှောက် ခြောက်သွားတာလား ဟား ... အံ့ဩလို့မဆုံးဘူး ဒီပုံဆိုးကြီးကို နင်မို့ အိမ်တော်ကို ခေါ်လာရဲတယ် ငါတော့ ရှက်လို့သေမှာပဲ"

"သမီးကြီး"

ဒေါသတကြီး ထွက်သွားသော သမီးဖြစ်သူကို ဒေါ်သန္တာအေး မတားလိုက်နိုင်ခဲ့။

ငယ့်မျက်ဝန်း၌ မျက်ရည်ဥလေးများ တွဲခိုလာသည်ကို ကျွန်တော် မြင်လိုက်ရသည်။

"မေမေ ... မမနန်းဘက်က ဒါတော့ တော်တော်လွန်တယ်ဗျာ"

"စိတ်ထဲမထားပါနဲ့သားရယ် သမီး စိတ်ထဲမထားနဲ့နော်"

မိခင်ဖြစ်သူမှာ ချွေးမကိုလည်း အားနာရ။ သမီးဖြစ်သူကိုလည်း ပြောမရနှင့် ဝေခွဲရခက်နေသည်။

"မလွန်ဘူး သားထွန်းတောက် ... မင်းမမ လုံးဝမလွန်ဘူး အန်တီမိုးတို့ အခြေအနေ ဆိုတာက အသိုင်းအဝိုင်းကြီးထဲက ဘယ်သူ့ကိုမဆို ရွေးချယ်လို့ရနေတာပဲ သားလုပ်ရပ်ကို အန်တီမိုး ကန့်ကွက်တယ် လုံးဝခွင့်မပြုဘူး သား"

"ဗျာ အန်တီမိုးကပါ မမနန်းနဲ့ အဖွဲ့တူနေတာလား ဘာပဲဖြစ်ဖြစ်ဗျာ သားတော့ ငယ့်ကိုပဲ လက်ထပ်မယ် ... ငယ်က သားရွေးချယ်ထားတဲ့ သားဇနီးပဲ ဘယ်သူမှ တားခွင့်မရှိဘူး"

"ထွန်းတောက်"

အန်တီမိုး၏ခေါ်သံက မာထန်လာသည်မို့ ငယ် စိတ်ကိုတင်း၍ ဆက်ထိုင်နေရသည်။ ကြမ်းတမ်းလွန်းလှသော စကားများအား ခံနိုင်ရည်မရှိပါ။

"ဒီအိမ်တော်ကိုဆက်ခံဖို့ နင်က အထိုက်တန်ဆုံးပဲ အေ...... ဒီလိုအဆင့်မရှိတဲ့ မိန်းမကို ယူပြီး ကိုယ့်ဘဝကိုယ် မဖျက်ဆီးနဲ့ မိန်းမတစ်ယောက်ကြောင့် နင့်ဘဝ စုတ်ပြတ်သွားချင်တာလား ဟမ်"

"အန်တီမိုး သားဘဝသား တည်ဆောက်ပြီးသားပါ သားကို ဘာမှ တွေးပူပေးမနေပါနဲ့ လောလောဆယ် ငယ့်ကို ရင့်ရင့်သီးသီးပြောနေတာ ရပ်လိုက်တော့ သားစိတ်ကို သားအစိုးမရဘူးနော်"

"ဟာ ... ကြည့်စမ်း ငါတို့ရဲ့သားလိမ္မာလေးက ဒီလိုမိန်းမကြောင့် အာခံရိုင်းစိုင်း တတ်နေပြီပေါ့လေ ဟုတ်လားမမကြီး သားထွန်းတောက်ကို ဘာမှမပြောတော့ဘူးလား ပြောပါဦး"

အန်တီမိုးစကားကို လက်ကာတားလိုက်သော ဒေါ်သန္တာအေး ...။

"မိုး နင့်စိတ်ကိုထိန်းထား ... ငါလည်း တစ်ချိန်က ဒီအိမ်တော်ကြီးရဲ့ ချွေးမပဲ သားရွေးချယ်တဲ့ ဘယ်လိုချွေးမမျိုးကိုမဆို ငါလက်ခံဖို့အသင့်ပဲ ...

ချွေးမဆိုတာက မိဘရိပ်က ထွက်ခွာလာပြီး သူစိမ်းအိမ်မှာ လာခိုရတာ လေ ဒီလိုစကားလုံးတွေနဲ့ ထိုးနှက်နေလို့ သူစိတ်ထိခိုက်မှာပေါ့ ဒီလိုလှလှ ပပလေး ရွေးချယ်ရုံနဲ့ပဲတော်ပါပြီ ဘာမှမရှိရင်နေပါ သားကိုချစ်နိုင်ရင် ရ ပြီ"

"တောက် မမကြီး ကိုယ့်အဆင့် ကိုယ်ဆွဲချနေတာလား ဟင်"

"ဒါဆိုနင်က သားထွန်းတောက် စိတ်ပျက်ပြိုလဲနေတာကို မြင်ချင်တာ လား"

မမကြီးစကားအဆုံး ထိုင်ရာမှထရပ်ကာ နှင်းငယ်ဦးအား မျက်ထောင့်နီ နှင့် စူးရဲစွာကြည့်လိုက်ပြီး ထွက်လာလိုက်သည်။

ကျွန်မကြောက်တယ် ... မမနန်းနဲ့ အန်တီမိုးဆိုတဲ့ အမျိုးသမီးနှစ်ဦးကို ကျွန်မ ကြောက်တယ် ဘယ်လိုရှေ့ဆက်ရမလဲ ဒီလိုခက်ခဲတဲ့ အခြေအနေ နဲ့။ ဘာတွေဆက်ဖြစ်လာမလဲ။

"ငယ် ..."

"ရှင်"

ပြတင်းတံခါးလေးအား ကျော်လွန်၍ အတွေးနယ်ချဲ့နေသောငယ်......။ ကိုထွန်းတောက်၏ ခေါ်သံကြောင့် မျက်နှာချင်းဆိုင် လှည့်လာလိုက်သည်။

"ဘာတွေတွေးနေတာလဲ အိမ်ကိုလွမ်းနေပြီလား"

"ဟင့်အင်း ... ဒီအတိုင်း တွေးမိတွေးရာပါပဲ"

"ကိုယ့်မမနဲ့ အန်တီမိုးစကားကြောင့်တော့ စိတ်ထိခိုက်မနေနဲ့နော် မမနဲ့ အန်တီက အဲဒီလိုပဲ ကိုယ် ... ငယ့်ကိုကာကွယ်သွားမှာပါ ငယ့်ဘက်မှာ ကိုယ်ရယ်မေမေရယ် ရှိနေမယ်နော်"

"ဟုတ် ... ငယ် အဆင်ပြေပါတယ်"

ချစ်ရသူအား ရင်ခွင်လေးထဲထည့်ကာ နှစ်သိမ့်ပေးလေတော့ ရင်ခွင်၌ နွေးခနဲ ခံစားလိုက်ရသည်။ သူမ ငိုနေပြီ။

ငယ်ရယ် ... ... မင်းကို ခက်ခဲစေမိပြီလားကွယ်။

အချိန်အတော်ကြာသည်ထိ နွေးနွေးထွေးထွေး ပွေ့ဖက်ထားပေးလိုက်တော့ သူမနှစ်သိမ့်မှုရသွားသည်ထင်။ အငိုရပ်သွားသည်။

"ငယ်"

"ရှင်"

"ညစာ သွားစားရအောင်နော်"

"ဟင့်အင်း ငယ်နောက်မှ စားလိုက်ပါ့မယ် မမနန်းတို့ ..."

ငယ့်စကားပင် မဆုံးလိုက် နှုတ်ခမ်းလေးထက် လက်ညှိုးလေးတင်တားကာ ဆက်မပြောရန် ထွန်းတောက် တားမြစ်လိုက်သည်။

"အတူတူစားရမှာပေ့ါ ငယ်က ကိုယ့်ဇနီးပဲလေ ဒီမိသားစုဝင်ပဲပေ့ါ ဘာတွေတွေးနေတာလဲ ကိုယ်နဲ့ အတူတူစားမယ်လေနော်"

စကားအဆုံး ငယ့်လက်လေးကို ဆုပ်ကိုင်လိုက်တော့ အားအင်များရှိလာသလို ခံစားလာရသည်။ ကျွန်မပြိုလဲချိန်တိုင်း ရှိနေပေးလို့ ကျေးဇူးတင်ပါတယ် ကိုရယ် ...။

အခန်းလေးထဲမှထွက်ကာ ထမင်းစားခန်းဘက် အတူတွဲ၍ ထွက်လာလိုက်သည်။

"လာ သမီးနဲ့သား ထမင်းစားစို့"

စားပွဲထိပ်မှထိုင်၍ အပြုံးနှင့်ကြိုနေသော မိခင်။

ထိုင်မည်အပြု ...

"ဝုန်း"

မမနန်းက ထိုင်ရာမှထလေတော့ … …

"သမီးကြီး"

"ဒီလိုလူမျိုးနဲ့ တန်းတူစားဖို့ ကိုယ့်ကိုယ်ကိုယ် သနတယ်"

ငယ့်ပခုံးအား အားပါပါတိုက်ချ၍ ထွက်သွားလေတော့သည်။

"အ"

"ငယ်…"

ငယ်အား ထိန်း၍ နေရာ၌ထိုင်စေကာ ညစာအား တည်ခင်းပေးလိုက်သည်။

စားမဝင်သဖြင့် ငယ်အနည်းငယ်သာ စားလိုက်သည်။ မျက်ဝန်းထက်မှ မျက်ရည်များအား တားမြစ်ထားရသည်။

"အဟွပ် အဟွပ် အဟွပ်"

မငိုမိအောင်ထိန်းရင်း ရှိုက်မိလိုက်ရာ ထမင်းသီးသွားသဖြင့် …

"ဟာ ငယ် ရရဲ့လား ငယ် …"

အပြေးအလွှား ရေလေးထခပ်ကာ ငယ့်ကိုလှမ်းအပေး …

"ဖြောင်း …"

"ခွမ်း"

"ဟာ"

ထွန်းတောက်နေ၏ လက်ထဲမှ ရေခွက်အား မမနန်း လက်နှင့် ရိုက်ချလိုက်ခြင်း ဖြစ်သည်။

"မမနန်း ဒါကဘာလုပ်တာလဲ ဘာဖြစ်ပြန်တာလဲ"

"အဲဒီရေခွက်က ငါ့ရဲ့ရေခွက် သူ့လို မျိုးရိုးနိမ့်မက သောက်စရာ အကြောင်းကို မရှိဘူး နင့်မိန်းမရဲ့အဆင့်ကို နင်မသိဘူးလား ... ဟမ် ရာရာစစ ဒီခွက်နဲ့များ တိုက်ရဲသေးတာ ရွံလိုက်တာ"

"သမီးနန်း"

စကားအဆုံး ...

"ဖြောင်း "

သမီးဖြစ်သူ၏ပါးကို အားပါပါ ရိုက်ချလိုက်သော ဒေါ်သန္တာအေး။

"မေမေ"

"ဘာကြောင့် ဒီလောက်ထိရိုင်းစိုင်းနေရတာလဲ အသိစိတ်ဝင်စမ်းပါ ဘာတွေ ဒီလောက်ဂုဏ်မောက်နေရတာလဲ ဟမ် ညှော်သည်ကို ဒီလိုဆက်ဆံရမယ်လို့ ဘယ်သူသင်ပေး ထားတာလဲ ပြောစမ်း ကြည့်နေတာ မိမနိုင်ဖမနိုင် အထင်ခံရအောင်လို့လား ဟမ်"

"မေမေ သမီးကိုရိုက်တယ် ဒီလိုမျိုးရိုးနိမ့်မ အတွက်နဲ့လား ... အား ... မုန်းတယ် နင့်ကိုမုန်းတယ် ငါနဲ့တန်းတူလာမနေနဲ့ အဆင့်နိမ့်မ မုန်းတယ် အား ... ရွံလိုက်တာ အရမ်းရွံတာပဲ"

ပြောပြီး ပြေးထွက်သွားလေတော့သည်။

ဘယ်လိုမှဟန်ဆောင်၍ မရသည့်အဆုံး ထမင်းစားခန်းထဲမှ ငယ် ပြေးထွက် လာလိုက်သည်။ ရင်ထဲ၌ ဆို့နင့်ကာ ခံစားချက်ကြီးက ဆိုးရွားလာသည်မို့ ဟန်ပင်မဆောင်နိုင် ငိုမိလေတော့သည်။

"အဟင့် ဟင့် ...အဟင့် အဟင့် ..."

အခန်းတံခါးလော့ခ်ချကာ ခုတင်ခြေရင်း၌ထိုင်၍ စိတ်ရှိလက်ရှိ အော်ငိုပစ်လိုက်တော့သည်။

မျိုးရိုးနိမ့်တာက အပြစ်လား ကိုရယ် ...။ ကိုထွန်းတောက်ကို ရွေးချယ်မိလို့ ကျွန်မ နောင်တမရချင်ဘူး။ ကျွန်မကို ကာကွယ်ပါ။

"ဒုန်း ဒုန်း ဒုန်း"

"ငယ်ရေ ...ငယ် ......တံခါးဖွင့်ပါဦး ငယ်...... တံခါးဖွင့်ပါဦးကွာ ငယ်ရေ ..."

နားနှစ်ဖက်အားပိတ်၍ ငိုချလိုက်သည်။

ညဆိုတာ ဒီလိုမှောင်ပါတယ် ကို ...။ နာကျင်စရာတွေနဲ့ ညနက်ခဲ့လို့ မနက်ဖြန်တွေကို ကြောက်နေမိပြီ။ မိုးသောက်အာရုံတွေကို မုန်းတတ်ခဲ့ပြီ။ နေအလင်းရောက်ချိန်ဟာ နာကျင်ဖို့ တကူးတက ကြိုဆိုမည်လားမသိ။

******